ကျေးဇူးတော်ရှင်
ဓမ္မာနုပဿနာ
ပခုက္ကူဆရာတော်ဘုရားကြီး

ဘဒ္ဒန္တ ဣန္ဒာဘာသ မဟာထေရ်

(အနိစ္စဆရာတော်)

ဟောကြားဆုံးမတော်မူအပ်သော

နံနက်ခင်းတရားဟောပြောချက်များ

ဓမ္မစကား၊ နေ့တိုင်းကြားက
စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏

သို့

အမှတ်တရ ဓမ္မဒါန

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

"အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏"

ကျေးဇူးတော်ရှင်

ဓမ္မာနုပဿနာ

ပခုက္ကူဆရာတော်ဘုရားကြီး

ဘဒ္ဒန္တ ဂ္ဂန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်)

ဟောကြားဆုံးမတော်မူအပ်သော

နံနက်ခင်းတရားတော်များ

ဓမ္မာနုပဿနာဆိုတာ –

- တကယ်ရှိတဲ့ဓမ္မသဘာဝတွေကို ဓမ္မအတိုင်း အမှန်သိသိပေးနေတဲ့ ဥာဏ်ကို ခေါ်တယ်
- ပညတ်မဖတ် သက်သက်သော ပရမတ်တရားကို တိုက်ရိုက်ရှုတာ ဓမ္မာနုပဿနာပဲ။
- ပညတ်ပရမတ်ကို အထူးခွဲခြားသိရတယ်။
- ပရမတ်ဥာဏ်နဲ့ကြာကြာနေနိုင်အောင်အလေ့အကျင့်လုပ်ပေးရတယ်။

သတ္တဝါမရှိသော အသိသည်သာလျှင် လိုရင်းဖြစ်သည်၊

စိတ်ကို သိလျှက်ရှုနဲ့တရားတော်

စိတ္တပဋ္ဌိသံဝေဒီ

အခုဟာက ဟို. . ဇာတိ. ဇရာ၊ မရဏခေါ်တယ်။ ဝိပါတ် အဗျာကတရုပ်ခေါ်တယ်။ ထွက်လေဝင်လေရှူပြီးတော့ အဗျာကတရုပ်ခေါ်တယ်။ ဝိပါက် အဗျာကတ။ ကုသိုလ်လည်း မဖြစ် သေးဘူး၊ အကုသိုလ်လည်း မဖြစ်သေးဘူး။ အခု မျက်စိတွေမြင်နေတယ်၊ နှာခေါင်းလေရှူနေတယ်။ အဲ့ဒါ ဝိပါတ်၊ လူမဟုတ်ဘူး။ ယောက်ျားမိန်းမ မဟုတ်ဘူး။ ဘာခေါ်တုံးပြောစမ်း. . . (ဝိပါက် အဗျာကတ ရုပ်ပါဘုရား)။ ဝိပါက်အဗျာကတရုပ်ခေါ်တယ်။ အဲ့ဒီလို ပြောပေးမှ ဆရာက ပြောပေးမှ လည်း သိတယ်။ သို့မို့လို့ရှိရင် လူတွေ ယောက်ျားတွေ မိန်းမတွေလို့ မှတ်နေတယ်။ လူတွေ ယောက်ျားတွေ မိန်းမတွေလို့မှတ်တော့ စိတ်ဆိုးတယ်။

အဲ့ဒါကြောင့် "စိတ္တပဋ္ဌိသံဝေဒီ" ဆိုစမ်း. . . (စိတ္တပဋ္ဌိသံဝေဒီ)၊ စိတ်ကို သိလျှက် (စိတ်ကို သိလျှက်)၊ စိတ်က ဘယ်လိုကြီးတုံးဆိုတာ သိပြီးတော့ အဲ့လို ရှုရတယ်။ "စိတ်ကိုသိလျှက်ရှုအံ့" ဆိုစမ်း. . . (စိတ်ကိုသိလျှက်ရှုအံ့)၊ ဒါမှ စိတ်မဆိုးဘူး၊ ဆိုးတယ်ဆိုတာ သိတယ်။ သို့မို့စိတ်က ထွက်ပြီး ဆိုးပစ်လိုက်တာပဲ။ ဘာလို့တုံးဆိုတော့ လူတွေမှတ်လို့ဆိုးတယ်။ လူတွေမရှိလို့ မမှတ်ဘူးဆိုရင် စိတ်က မဆိုးတော့ဘူး။ အဲ့ဒါ နိရောဝေစ္ဆာခေါ်တယ်။

စိတ္တသခ်ိရ

စိတ်ဆိုးမှဖြင့် ကဲ. . . သုခလား ဒုက္ခလား ပြောပါဦး. . . (ဒုက္ခပါဘုရား)။ ဒုက္ခသစ္စာကြီး အဲ့လို သစ္စာကို သိတယ် တစ်ခါတည်း။ စိတ်မဆိုးဘူးဆိုတော့ သုခလား ဒုက္ခလား (သုခပါဘုရား)။ နိဗ္ဗာန်ဖြစ်သွားတယ်။ အဲ့ဒါ ဝိပါက်အဗျာ ကတကြီးက ဟိုဘက် မဆက်အောင်လို့။ စိတ်က ဘာပြုလို့ဆိုးတုံးဆိုတော့ "သညာ"၊ "သညာ" ကသူတွေ၊ ငါတွေ မှတ်တယ်။ သူတွေ၊ ငါတွေမှတ်တာ ဘယ်သူတုံး (သညာပါဘုရား)။ သညာခေါ်တယ်။ ပြီးတော့ သူတွေ၊ ငါတွေဖြစ်တော့ သူကပြောလိုက်တော့ ကိုယ့်မှာ မခံပြင်းဘူးလား၊ ခံပြင်းသလား (ခံပြင်းပါတယ်ဘုရား)။ ခံပြင်းတာက ဝေဒနာဖြစ်သွားတယ်။ "သညာနဲ့ဝေဒနာ" ဘာခေါ်တယ်. . . (သညာနဲ့ဝေဒနာ)၊ အဲ့ဒါကို "စိတ္တသခ်ိရ" ခေါ်တယ်။ ဘာခေါ်. . . (စိတ္တသခ်ိရခေါ်ပါတယ်ဘုရား)။ စိတ်ကို စိတ်ဆိုးအောင်လည်း လုပ်တတ်တယ်၊ စိတ်ကောင်းအောင်လည်းလုပ်တတ်တယ်။ "အဲဒီ သညာနဲ့ ဝေဒနာက" အဲ့လိုဟာတွေ မသိတော့ ငါစိတ်ဆိုးတယ်၊ သူစိတ်ဆိုးတယ်နဲ့ ဒီလိုဖြစ်တာ။ ငါလည်း မရှိဘူး၊ သူလည်းမရှိတော့

စိတ်ကမဆိုးဘူး။ ငါ၊ သူတွေရှိလို့စိတ်ဆိုတာ။ အဲ့လို စိတ်ဆိုတာဘာလို့ စိတ်ဆိုးတုံးဆိုတော့ "စိတ္တသခ်ါရ"မသိလို့ ဆိုစမ်း. . . (စိတ္တသခ်ါရကို မသိလို့)။

"စိတ္တသခ်ါရ" ဆိုတာ ပါဠိလို စိတ်ကို ပြုပြင်တတ်တဲ့ဟာကို ခေါ်တယ်။ စိတ်ကို ပြုပြင်တတ်တာ ဘယ်သူတုံး. . . "သညာနဲ့ဝေဒနာ" စိတ်ကိုပြုပြင်တတ်တာ ဘယ်သူတုံး (သညာနဲ့ ဝေဒနာပါဘုရား)။ သညာဆိုတာ ဘယ်သူတုံး. . . "သူ ငါ" မှတ်တာ။ ငါ့သမီး၊ ငါ့သားတွေ၊ ငါ့ဥစ္စာ တွေ အဲ့လို မှတ်ထားတာတွေက စိတ်ကို ပြုပြင်တဲ့ စိတ္တသခ်ါရ၊ ဘာခေါ်တုံး. . . (စိတ္တသခ်ါရပါ ဘုရား)။ ငါ့စက္ကူတွေ၊ ငါ့ကြွေးတွေ၊ သူ့ပိုက်ဆံတွေ၊ ငါ့ပိုက်ဆံ ဘယ်လောက်ရှိ ဘယ်ဝါရှိ အဲ့ဒါတွေက ဘာတုံး . . . "သညာ"၊ 'သညာ' ကျတော့ ကောင်းစရာရှိ ကောင်းသွားပြီးတော့ ဆိုးစရာရှိ ဆိုးမသွားဘူးလား (ဆိုးသွားပါတယ်ဘုရား)။ အဲ့ဒါ ဘာတုံး (ဝေဒနာပါဘုရား)။

အဲ့ဒီ "သညာနဲ့ဝေဒနာ" က ဘာလုပ်တတ်သတုံး. . . (စိတ်ကို ပြုပြင်တတ်ပါတယ်ဘုရား)။ စိတ်ကို ပြုပြင်တတ်တော့ ဘာခေါ်တုံး (စိတ္တသခ်ါရခေါ်ပါတယ်)။ "စိတ္တသခ်ါရကို သိလျှက် ရှုအံ့" ဆိုစမ်း. . . (စိတ္တသခ်ါရကို သိလျှက် ရှုအံ့) လေရှုလည်း အဲ့လိုရှုရတယ်။ အကြမ်းပြင်း ရှုတော့ စိတ်ငြိမ်ရုံပဲရှိတယ်။ အဲ့လိုသိမှ သစ္စာလေးပါးရော တစ်ခါတည်းသိတယ်။ ကဲ. . . လေရှုနေတာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။ "မရှုနဲ့ဟဲ့" ဆိုလို့ရသလား. . (မရပါဘူးဘုရား)။ ဘာပြုလို့ မရတုံး. . . (အနတ္တမို့လို့ပါဘုရား)။ အနတ္တဆိုတာက သခ်ၢတလည်း အနတ္တရှိတယ်။ အသခ်ၢတက လည်း အနတ္တရှိတယ်။ "အနိစ္စကောင်" ပထမတန်း ဉာဏ်ကောင်းအောင် လုပ်နေတာ။ အဲ့ဒါ ပဋ္ဌကတ်ဉာဏ်တွေ။

အခုမှ ထုတ်ပြောတာပါ။ ငယ်ငယ်တုံးက အဲ့ဒါတွေသင်ခဲ့ရတယ် ဒါပေမယ့် ဒီလိုမသိဘူး။ စိတ်ကြီးက ဘယ်လိုနေတယ်သိရဲ့လား. . . မသိဘူး။ အိပ်နေတုံးက သိရဲ့လား. . . (မသိပါဘူး ဘုရား)။ မအိပ်တော့ မသိဘူးလား. . . (သိပါတယ်ဘုရား)။ သိတာကဘာတုံး. . . "စိတ်ကြီး" "စိတ်ကြီး"၊ သိတာက ဘာတုံး. . . (စိတ်ပါ)။ "စိတ်တ္တပဋ္ဌိသံဝေဒီ" ပါဠိနဲ့ကိုက်အောင်လို့ စိတ်ကလည်း နာမ်ပါပဲ။

စိတ္တပဋ္ဌိသံဝေဒီ အဿာသိဿာမိ

စိတ္တပဋ္ဌိသ့ဝေဒီ (စိတ္တပဋ္ဌိသံဝေဒီ)၊ စိတ်ကို သိလျှက် (စိတ်ကိုသိလျှက်)၊ အဿာသိဿာမိ (အဿာသိဿာမိ)၊ ဝင်သက်ကို ရှုအံ့ (ဝင်သက်ကိုရှုအံ့)၊ ဝင်သက်ကို ရှုရတယ် စိတ်ကိုသိပြီး။ အဲ့လို ရှုတော့မှ စိတ်ကြီးက ဘယ်လိုကြီးနေတုံး. . . ငြိမ်ငြိမ်ကြီးသိနေတယ်။ ငြိမ်ငြိမ်ကြီးသိတာ ဘာစိတ်တုံး. . . (ဝိပါက်စိတ်ပါဘုရား)။ ဝိပါက်စိတ်ခေါ်တယ်။ ကုသိုလ်စိတ်ကို သိတယ် မဟုတ်

လား . . . သဒ္ဓါတရားလေးနဲ့ လျှုချင်တမ်းချင်လေးနဲ့ ဘုန်းကြီးကျောင်းလာရင် ကြည်ကြည်လင်လင်လေးနဲ့။ ကြည်ကြည်လေးနဲ့ဖြစ်တာ ဘာစိတ်တုံး. . . (ကုသိုလ်စိတ်ပါဘုရား)။ နောက်နောက် ကျူကျူလေးနဲ့ဖြစ်တာ ဘာစိတ်တုံး. . . (အကုသိုလ်စိတ်ပါဘုရား)။ ငြိမ်ငြိမ်လေးနေတဲ့စိတ်က ဘာစိတ်တုံး (ဝိပါက်စိတ်ပါဘုရား)။ အဲ့လို "စိတ်ကိုသိလျှက် ရှုအုံ့တဲ့။

ဒီပြင်ယောဂီတွေ စိတ်မသိဘဲနဲ့ အရမ်းရှုနေတာမဟုတ်ဘူးလား. . . ။ စိတ်က ဘာလုပ်တတ်သတုံး. . . ဆိုးတတ်တယ်။ ဆိုးတာ ဘာစိတ်တုံး. . . (အကုသိုလ်စိတ်ပါဘုရား)။ အကုသိုလ်စိတ်က ဘာတုံး. . . "သခ်ၦရ"၊ အဝိဇ္ဇာပစ္စယာ (အဝိဇ္ဇာပစ္စယာ)၊ သခ်ၦရာထဲပါတယ်။ တရားဆိုတာက အဲ့လိုထိုင်မှ အဲ့လိုသိမှ သိတယ်။ သို့မို့ မသိဘူး။ ငြိမ်းတာလေးပဲသိတယ်။ တော်ကြာ ဆိုးစရာရှိရင် ဆိုးလာတာ။ အဲ့ဒါ "စိတ် . . . စိတ်"။

အဲ့လို စိတ်ကိုသိလျှက် ရှုတာ ဘယ်လိုခေါ်သတုံး. . . "စိတ္တ ပဋ္ဌိသံဝေဒီ" (စိတ္တပဋ္ဌိသံဝေဒီ) အဿာသိဿာမီတိသိက္ခတိ (အဿာသိဿမီတိ သိက္ခတိ)၊ "စိတ်ကိုသိလျှက် ရှုအုံ့" (စိတ်ကိုသိလျှက် ရှုအုံ့)၊ စိတ်က ဘယ်လိုစိတ်ဆိုတာသိပြီလား. . . (သိပါပြီဘုရား)၊ စိတ်က ဘာလုပ်တတ်တုံး. . . (ဆိုးတတ်ပါတယ်ဘုရား)။ ဆိုးရင်ဘာစိတ်တုံး. . . (အကုသိုလ်စိတ်ပါဘုရား)၊ ကြည်လင်လို့ကောင်းလို့ရှိရင် ဘာစိတ်တုံး. . (ကုသိုလ်စိတ်ပါဘုရား။ ဒီလိုလည်းမဟုတ်ဘဲနဲ့ ပကတိငြိမ်ငြိမ်သက်သက်ကလေး စိတ်က ဘာစိတ်တုံး. . . (ဝိပါက်စိတ်ပါဘုရား။ ဝိပါတ်စိတ်ကို အဗျာကတ ခေါ်တယ်။ အဲ့ဒီစိတ်မရှိဘူးလား ရှိသလား. . . (ရှိပါတယ်ဘုရား)။ ရှိတာတွေမသိရင် ဘာတုံး. . (အဝိဇ္ဇာပါဘုရား)။ အဲ့လို ဆရာသင်ပေးမှ သိတယ် အဲ့ဒါ ပရိယတ္တိဓမ္မ။ အဲ့ဒါသိတာနဲ့ပဲ စိတ်က စိတ်မသိလို့ ရှုလို့ရှိရင် မဆိုးဘူးလား ဆိုးသလား. . . (ဆိုးပါတယ်ဘုရား)။ စိတ်သိရင် ရှုလို့ရှိရင် အခုနေ ခါးကြီး တို့လိုက်မယ် ဘယ်နဲ့နေမတုံး. . . ရှင်သာရိပုတ္တရာ နောက်ကျောကြီး ထုလိုက်သလို. . ဒကာမကြီးတို့ကို လက်ညှိုးကြီးနဲ့ နောက်ကျော်ကြီး ဘေးကြီးကို ထိုးလိုက်မယ် ဘယ်နဲ့နေမတုံး. . ပြောစမ်း။ မဆိုးဘူးလား ဆိုးသလား. . . (ဆိုးပါတယ်ဘုရား)။ အဲ့ဒါဘာပြုလို့ ဆိုးတုံး. . . အကုသိုလ်ဖြစ်လို့။ လက်ကလေးနဲ့ သပ်သပ်ပေးတော့ မကောင်းဘူးလား (ကောင်းပါတယ် ဘုရား)။ ကောင်းတာဘာတုံး ကုသိုလ်စိတ်ဖြစ်လို့။

ကုသလာ ကုသလာဇဟံ

"ကုသလာ ကုသလာဇဟံ" ကုသိုလ် အကုသိုလ်မရှိဘူးတဲ့။ ဘုရားရဟန္တာတို့မှာ။ ဘယ်လောက်ကောင်းလဲ စာလေးနဲ့ပဲ ပထမတန်းကောင်းနေပြီ။ စိတ် ဘယ်နှစ်မျိုးရှိပါသနည်း။ (သုံးမျိုး) သုံးမျိုးရှိပါသည်လို့ဆို။ စိတ်ဘယ်နှစ်မျိုးရှိပါသနည်း။ (သုံးမျိုးရှိပါသည်) သုံးမျိုးဟူသော်ကား

(သုံးမျိုးဟူသော်ကား) ကုသိုလ်စိတ် (ကုသိုလ်စိတ်)။ အကုသိုလ်စတ် (အကုသိုလ်စိတ်) အဗျာကတ စိတ် (အဗျာကတစိတ်) သုံးပါးရှိတယ်။ အဲ့လိုပြောရင် စိတ်ခေါ်တယ်။

ဘာပြုလို့ အကုသိုလ်ဖြစ်သတုံး. . . (ဆိုးလို့ဖြစ်ပါတယ်)။ ဘာပြုလို့ အကုသိုလ်ဖြစ်သတုံး. . . (ဆိုးလို့ဖြစ်ပါတယ်)၊ ဘာပြုလို့ ကုသိုလ်ဖြစ်သတုံး. . . (ကောင်းလို့ဖြစ်ပါတယ်) ကောင်းတာနဲ့ဆိုးတာ ဘယ်သူကလာသတုံး (ဝေဒနာကလာတာ) အဲဒီဝေဒနာဘယ်သူက လာတုံး ၊ သညာကလာတယ်။ အဲ့ဒါကြောင့် စိတ် စိတ် အတိုင်းဆိုလို့ရှိရင် အဲ့သလို အကောင်းအဆိုး မဖြစ်ရဘူး။ ရှင် သာရိပုတ္တရာကြီးနောက်ကျောကြီးကို ထုလိုက်တော့ ဘယ်နဲ့မှမရှိဘူး။ ဒကာမကြီးတို့ ခါးထိုးလိုက်ရင် လက်ညှိုးကြီးနဲ့ထိုးလိုက်ရင် တစ်ခါတည်း ထလှည့်ပြီးတော့ "နင်ကဘာလုပ်တာတုံးဘာလဲငါကဘာလုပ်တာတုံး"နဲ့ နင် ငါတွေဖြစ်သွားတယ်။ သူ ငါတွေဖြစ်သွားတယ်။ သူငါတွေဖြစ်တာ ဘာကြောင့်ဖြစ်သလဲ (သညာကြောင့်)။

သူငါဖြစ်တာ ကောင်းသလား မကောင်းဘူးလား (မကောင်းပါဘူးဘုရား)။ မကောင်းရင် ဘာသစ္စတုံး. . . (ဒုက္ခသစ္စာပါဘုရား)။ ဖြစ်ပြီး ပျက်မသွားဘူးလား (ပျက်သွားပါတယ်ဘုရား)။ ဒုက္ခသစ္စာ အဲ့လိုဟာကို ခေါ်တာ. . . ၊ ကိုယ့်ကို ကိုယ်ကြီးကို သိတာ၊ ဘာသစ္စာမှန်း ဘာမှန်း သိတာဟာ အဲ့လို သိတာခေါ်တယ်။

သစ္စံ သတ္တာ ပဋိသန္ဓိ

ဒ့ါကြောင့် "သစ္စံ သတ္တာ ပဋိသန္ဓိ"တဲ့။ ဆိုစမ်း (သစ္စံ သတ္တာ ပဋိသန္ဓိ)။ သစ္စာရယ် သတ္တဝါရယ် ပဋိသန္ဓေနေတာရယ် ပဋိစ္စသမုပ္ပါဒ်ရယ် အဲ့ဒီလေးခုက ဟောဖို့လည်းခက်တယ်၊ သိဖို့လည်းခက်တယ်တဲ့. . . သကဒါ ဆရာတွေ ညည်းတဲ့ဟာ။ အဲ့လို ညည်းတာတွေကို တတ်မှ စာတတ်ပေတတ် ပထမတန်းဖြစ်တယ်။ သို့မို့လို့ရှိရင် "ဘာမှန်းလည်းမသိ ညာမှန်းလည်းမသိ" လုပ်သာလုပ်နေရတယ်၊ အခုသိပြီမို့လား. . . အဲ့လို စိတ်မဆိုးအောင် ရှုရတယ်။ ဘယ်လိုရှုရတုံး (စိတ်မဆိုးအောင် ရှုရပါတယ်ဘုရား)။

စိတ်မဆိုးအောင် ဘာကိုသိရှုရတုံး. . . (စိတ်ကိုသိရှုရပါတယ်ဘုရား)။ စိတ်ကသိ ရှုလိုက်တော့ စိတ်က ဘယ်နှစ်မျိုးရှိသတုံး. . . (သုံးမျိုးရှိပါတယ်ဘုရား)။ စိတ်ဆိုးတတ်တဲ့အမျိုး၊ စိတ်ကောင်းတတ်တဲ့အမျိုး၊ မဆိုးမကောင်းနေတဲ့အမျိုးအဲ့လို သုံးမျိုးရှိတယ်။ ဒါ သူတကာပြောမှ မဟုတ်ဘူး။ အခုတော့ သူတကာ ပြောပေးရတာပေါ့။ ဒါပေမဲ့ ကိုယ့်ဟာကိုယ် သိရတယ်။ သိတာက စိတ်ကိုသိတာ။ "စိတ္တပဋိသံဝေဒီ" (စိတ္တပဋိသံဝေဒီ) စိတ်ကိုသိလျှက်(စိတ်ကိုသိလျှက်)၊ စိတ်သိပြီမို့လား (သိပါပြီဘုရား)။ ။ အဲ့ဒီစိတ်ကောင်းဆိုးက ဘာပြုလို့ဖြစ်သတုံး (သညာကြောင့်ပါဘုရား)။

'သညာနဲ့ဝေဒနာ' ကောင်းဆိုတာက ဝေဒနာ၊ အဲ့ဒီ အကောင်းအဆိုး ဘာပြုလို့ ဖြစ်သတုံး (သညာကြောင့်ပါဘုရား)။

သညာနဲ့ဝေဒနာ ဘာခေါ်တုံး. . . "စိတ္တသခ်ိရ" ခေါ်တယ်၊ စိတ္တသခ်ိရ ပဋ္ဌိသံဝေဒီ (စိတ္တသခ်ိရ ပဋ္ဌိသံဝေဒီ)၊ စိတ်ကိုပြုပြင်တတ်သော သညာဝေဒနာကို သိလျက် (စိတ်ကို ပြုပြင်တတ်သော သညာဝေဒနာကိုသိလျက်)၊ အဿာသိဿာမိ (အဿာသိဿာမိ)၊ ဝင်သက်ကို ရှုအုံ့ (ဝင်သက်ကို ရှုအုံ့)၊ အဿာမိ ဿာမိ ဝင်သက်ကို ရှုတာ။ မသိဘဲနဲ့ရှုတော့ မသိရှုကြီးဖြစ်တော့ မသိတာက ဘာတုံး (အဝိဇ္ဇာပါဘုရား) ရှုတာက ဘာတုံး "သခ်ိရ"ရုပ်သခ်ိရဖြစ်သွားတယ်။ အဲ့ဒါကို ဝိပါက်အဗျာကတခေါ်တယ်။ အဲ့ဒါကို ဇာတိ. ဇရာ မရဏလို့ခေါ်တယ်။

စိတ်ကိုသိလျက် 'စိတ်တ္တသခ်ိရကို သိလျက်'

'ဇာတိဇရာ မရဏံ' ဆိုစမ်း (ဇာတိဇရာ မရဏံ)၊ အနာဂတော အဒ္ဓါ (အနာဂတော အဒ္ဓါ) အနာဂတ်မှာ အဲဒါမျိုးဖြစ်တာပဲ၊ ဘာမှထူးတာ မဟုတ်ဘူး။ အဲ့လိုဖြစ်နေတာမသိဘူး။ တို့တတွေ မင်းတို့တတွေ အဲ့လိုဟာမျိုး။ အခုတော့သိပြီလား (သိပါပြီဘုရား)။ အဲ့လိုမှတ်ထား။ "ပထမတန်း"။ "စိတ်ကိုသိလျှက်" ဆိုစမ်း (စိတ်ကိုသိလျှက်) "စိတ္တသခ်ိရကိုသိလျှက်" (စိတ္တသခ်ိရကိုသိလျှက်)။ ဘယ်နှစ်မျိုးတုံး (နှစ်မျိုးပါဘုရား)၊ နှစ်မျိုးသိရမယ်။ အဲ့လိုသိပြီးရှုရတယ်။ ခလုတ်တိုက်တယ် နင့်အမေလို့မဆဲဘူလား ၊ ခလုတ်တိုက်တာတောင် ဆဲတယ် သူတကာကိုမပြောနဲ့။ ခွေးကလိုက်ပြီ မဆဲဘူးလား . . မလန့်ဘူးလား (လန့်ပါတယ်ဘုရား)။ ဘာဖြစ်လို့ လန့်သတုံး. . "သညာ" ကြောင့်။

စိတ်ကို ပြုပြင်တတ်တာမသိဘူး။ လမ်းသွားနေတာ ဘာသွားနေတာတုံး. . . ဝိပါတ် ကြီးသွားနေတယ် ဝိပါက် အဗျာကတစိတ်ကို သိပြီး ရှုရမှာလေ၊ စိတ်ကို သိဖို့ပြောပါတယ်။ အဲ့လိုပြောတာနဲ့ပဲ သစ္စာလေးပါးသိတယ်။ အခုလိုငြိမ်နေတာ ဘာစိတ်တုံး (အဗျာကတစိတ်ပါဘုရား)။ သူတကာက ခါးထိုးလိုက်တယ်၊ သူတကာက ဟိုနားရွှေ့ပါ ဒီနားရွှေ့ပါလို့ပြောလို့ စိတ်ဆိုးလိုက်တယ်။ စိတ်ဆိုးလိုက်ရင် ဘာစိတ်တုံး. . . (အကုသိုလ်စိတ်ပါဘုရား)။ စိတ်ကောင်းလိုက်ရင် "တော်ပါပေ့ တော်ပါပေ့" စိတ်ကောင်းလိုက်ရင် ဘာစိတ်တုံး (ကုသိုလ်စိတ်ပါဘုရား)

ကုသိုလ်နဲ့ အကုသိုလ်ဖြစ်အောင် ပြုပြင်တာ ဘယ်သူတုံး. . . (သညာနဲ့ ဝေဒနာပါဘုရား)။ ဒကာမကြီးတို့ဟုတ်ကဲ့လား. . (မဟုတ်ပါဘူးဘုရား)။ သညာက ဘာခန္ဓာတုံး . . . (သညာက္ခန္ဓာပါဘုရား)။ ဝေဒနာက ဘာခန္ဓာတုံး . . . (ဝေဒနာက္ခန္ဓာပါဘုရား)။ စိတ်က ဘာခန္ဓာတုံး (ဝိညာဏက္ခန္ဓာပါဘုရား)။ ရုပ်က ဘာခန္ဓာတုံး (ရူပက္ခန္ဓာပါဘုရား)။ အေး. . အဲ့ဒါကြီးကို မသိတာ။ အဲဒီခန္ဓာငါးပါးမသိဘဲနဲ့ လူတွေ ယောက်ျားတွေ မိန်းမတွေကို သိတာ၊ အဲ့လိုအမျိုးအစား။

အဲ့သလောက်ကလေး သိတာနဲ့ကို တော်တော်ဟန်နေပြီ။ စိတ်ကယ် ဝေဒနာသညာရယ် စိတ်ဆိုးလိုက်တာက "သခ်ါရက္ခန္ဓာ"။ ဒေါသက သခ်ါရက္ခန္ဓာ ခေါ်သွားတယ်။

အဲ့ဒါ ဝိပါက်အဗျာကတ။ ဝိပါက်ကဋ္ဌတ္တာလို့ခေါ်တာတွေပါ။ စာတတ်မှ ခေါ်တတ်တယ် စာမတတ်ရင် မခေါ်တတ်ဘူး။ စာမသိတော့ သူငါလို့ပဲ ခေါ်တာပဲ။ ခေါ်ရင်ဘယ်လိုခေါ်တုံး. . . (သူ ငါလို့ပဲခေါ်တယ်)။ အဲ့လိုသိတော့ သူငါ ဟုတ်သေးလား (မဟုတ်ပါဘူးဘုရား)။ အနတ္တဖြစ်သွားတယ်။ အနတ္တရောက်ရင် နိဗ္ဗာန်ရောက်သွားတယ်။

သူငါရှိရင် စိတ်ဆိုးတယ်၊ သူငါမရှိရင် စိတ်ကောင်းတယ်

"ကုသလာ ဓမ္မာ အကုသလာဓမ္မာ အဗျာကတာ ဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝါ"။ သတ္တဝါ မဟုတ်တဲ့သဘာဝတဲ့၊ ဒကာမကြီးတို့ကတော့ သတ္တဝါလို့ထင်တယ်။ မြတ်စွာဘုရားပြောတာပါ။ မြတ်စွာဘုရားက သတ္တဝါမဟုတ်ဘူးလို့သိတယ်။ သူသိလို့ သူတကာဟောလို့ရှိရင် ဒကာမကြီးတို့ ဒကာကြီးတို့ကလည်း ဘယ်လိုသိမတုံး။ (သတ္တဝါ မဟုတ်ဘူးလို့ သိရမယ်)။ နိဗ္ဗာန်မရောက်ဘူးလား ရောက်သလား (ရောက်ပါတယ်ဘုရား)။ သတ္တဝါရှိတော့ ဘယ်လိုဖြစ်သတုံး 'သူ ငါ ဖြစ်တယ်'။ ကုသိုလ်နဲ့ အကုသိုလ်လေးကို သူငါ ဖြစ်နေတယ်။ လူတွေဖြစ်ပုံဖြစ်ပုံ မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)။ အဲ့လိုဂရုစိုက်ပါ။ မျက်စိတွေ မြင်တာ ဘာစိတ်တုံး (ဝိပါက်စိတ်ပါဘုရား)။ နားကကြားတာတွေ ဘာစိတ်တုံး (ဝိပါက်စိတ်ပါဘုရား)။ စိတ်သာ မဆိုးနဲ့ ဝိပါတ်စိတ်ဘဲ။ နှာခေါင်းနဲ့ နံတာ ဘာစိတ်တုံး (ဝိပါတ်စိတ်ပါဘုရား)။ လျှာနဲ့စားတာဘာစိတ်တုံး (ဝိပါစိတ်ပါဘုရား)။ "ကောင်းလိုက်တာဟယ် ဆိုးလိုက်တာဟယ် စပ်လိုက်တာဟယ် " ဒီလိုမလုပ်နဲ့ စားတဲ့အခါမှာ အဲ့ဒါဝိပါက်စိတ်တွေ။ ဝိပါက်နဲ့ ကုသိုလ် အကုသိုလ်နဲ့။ ဝိပါက်စိတ် ကုသိုလ်စိတ် အကုသိုလ်စိတ် အဲ့လိုဖြစ်တယ်။

အခုနေ ဟိုဟာလေး လျှုလိုက် ဒီဟာလေးလုပ်လိုက်နဲ့စိတ်တွေ မကြည်လင်ဘူးလား (ကြည်လင်ပါတယ် ဘုရား)။ ကြည်လင်ရင် ဘာစိတ်တုံး (ကုသိုလ်စိတ်ပါဘုရား)။ မကြည်လင်ရင် ဘာစိတ်တုံး (အကုသိုလ်စိတ်ပါဘုရား)။ မကြည်လင်တာနဲ့ ကြည်လင်တာ ဘာဖြစ်လို့ဖြစ်သတုံး. . (သညာနဲ့ ဝေဒနာကြောင့်ပါဘုရား)၊ သညာကသူငါ ဆိုစမ်း (သညာက သူငါ)၊ သူငါရှိရင် စိတ်ဆိုးတယ် (သူငါရှိရင် စိတ်ဆိုးတယ်)၊ သူငါရှိရင် ကောင်းကောင်းလေး ပြောလိုက်တော့ စိတ်မကောင်းဘူးလား ဘဘောမကျဘူးလား (ကျပါတယ်ဘုရား)။

သူငါရှိရင် စိတ်ဆိုးတယ် (သူငါရှိရင် စိတ်ဆိုးတယ်) သူငါမရှိရင် စိတ်ကောင်းတယ် (သူငါမရှိရင် စိတ်ကောင်းတယ်)၊ ရှင်သာရိပုတ္တရာကြီး နောက်ကျောကြီးရိုက်လိုက်တော့

စိတ်ဆိုးသလား (မဆိုးပါဘူးဘုရား)။ အဲဒါဘာပြုလို့တုံး (သူငါ မရှိလို့ပါဘုရား)။ ဒကာကြီးတို့လည်း သူငါမရှိရင် ပထမတန်းဖြစ်သွားတယ်။ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား) ။ မျက်စိနဲ့မြင်တော့ သူငါရှိတော့ မေးကြီးငေါ့မပြဘူးလား (ပြပါတယ်ဘုရား)။ စိတ်မဆိုးဘူးလား (ဆိုးပါတယ်ဘုရား)။ နှုတ်ခမ်းကြီး မမဲ့ဘူးလား၊ (မဲ့ပါတယ်ဘုရား) ။ အဲဒါ ဘာပြုလို့တုံး (သူငါရှိလို့ပါ ဘုရား) သူငါရှိတော့ မနာလိုဝန်တိုပြီးတော့ အဲ့လိုဖြစ်သွားတယ်။ ဒါကုသိုလ်လား အကုသိုလ်လား (အကုသိုလ်ပါဘုရား)။

အဲဒီအကုသိုလ်ဘာပြုလို့ဖြစ်တုံး (သူငါရှိလို့) သူငါဆိုတာ ဘာတုံး "သညာ"။ သညာရှိရင် ဝေဒနာမရှိဘူးလား (ရှိပါတယ်ဘုရား)။ အဲဒီသညာဝေဒနာက ဘာလုပ်တတ်တဲ့ဟာတုံး (စိတ်ကို ပြုပြင်တတ်ပါတယ်ဘုရား)။ အဲ့လို သိလို့ ဘုရားတို့ ရဟန္တာတို့က အဲလို စိတ်မဆိုးတာတွေခေါ်တယ်။ အဲလိုရိပ်မိရတယ်။ ကိုယ်လည်း စိတ်မဆိုးချင်ရင် စိတ်ကိုသာသိလိုက်။

တရားမနာရတဲ့အဖြစ်ကြောင့် တရားမှ ဆုတ်ယုတ်တယ်

အခုငြိမ်ငြိမ်လေးနေတဲ့စိတ်က ဘာစိတ်တုံး (ဝိပါတ်စိတ်ပါဘုရား)၊ ကြည်ကြည်လင်လင်ဖြစ်တဲ့စိတ်က ဘာစိတ်တုံး (ကုသိုလ်စိတ်ပါဘုရား)၊ ဘုရားပန်းလေးကပ်လိုက်ရင် ကြည်ကြည်လင်လင်လေးဖြစ်သွားရင် ဘာစိတ်တုံး. . . (ကုသိုလ်စိတ်ပါဘုရား)၊ မကြည်မလင်လေးဖြစ်သွားရင် ဘာစိတ်တုံး (အကုသိုလ်စိတ်ပါဘုရား)၊ မဖြစ်လွယ်ဘူးလား ဖြစ်လွယ်သလား (ဖြစ်လွယ်ပါတယ်ဘုရား)။ အဲ့လိုမသိလို့ဖြစ်လွယ်တာ ခုလိုသိတော့ ဖြစ်ဦးမလား (မဖြစ်တော့ပါဘူးဘုရား)။

တရားနာပြီးသာ ပုဂ္ဂိုလ်က တရားမနာရတဲ့ အဖြစ်ကြောင့် တရားမှ ဆုတ်ယုတ်တယ်၊ တရားနာရရင် မဆုတ်ယုတ်ဘူးတဲ့ တိုးသားတိုးတက်တယ်။ တိုးတက်တယ်ဆိုတာ ဘယ်လိုဟာတုံး ဆိုတော့ ဝမ်းထဲမှာ ကိလေသာမရှိတာခေါ်တယ် "စိတ်ဆိုးစိတ်ညစ် ကိုယ်ကြောင့်ဖြစ်" (စိတ်ဆိုးစိတ်ညစ် ကိုယ်ကြောင့်ဖြစ်)၊ဆိုစမ်း (ပယ်ပြစ်သူတကာ စိတ်ညစ်ပယ်ချိုး စိတ်မဆိုး ရောက်ရိုးနိဗ္ဗုတာ)။

သူငါကြောင့် ဘာဖြစ်သတုံး. . . (သညာဖြစ်ပါတယ်ဘုရား)၊ သူငါဆိုတာ ဘယ်သူတုံး ဆိုတော့ "ဒိဋ္ဌ"။ ဒကာမကြီးတို့ ပယ်ရမယ့်ဟာ ဘယ်ဟာပယ်ရမတုံး. . (ဒိဋ္ဌ ပယ်ရမှာပါဘုရား)။ ဒိဋ္ဌဆိုတာ ဘယ်လိုဟာတုံး (သူငါပါဘုရား)။ သူငါကြောင့် စိတ်ဆိုးတယ်။ သူငါရှိရမှာလား မရှိရဘူးလား (မရှိရပါဘူးဘုရား)၊ အခု ရုပ်ကြီးက ဘာရုပ်ကြီးတုံး (ဝိပါက်အဗျာကတ ရုပ်" ။ ဝိပါက်အဗျာကတ ရုပ်ကြီးက လူလား ယောက်ျားလား မိန်းမလား (မဟုတ်ပါဘူးဘုရား)၊ ရုပ်ဟာရုပ်ပဲ။ ဤဟာရုပ်တဲ့ မြတ်စွာဘုရားက၊ ဒကာမကြီးတို့က ဆိုရဲ့လား (မဆိုပါဘူးဘုရား)

မဆိုပါဘူး ဤဟာ ငါလို့ဆိုတာ။ ဤဟာ ငါ့ဆန် ငါရောင်းတယ် ငါဝယ်တယ် ငါ့အကျီ ငါ့လုံချည် ငါ့ခေါင်း။

ပကတိအနတ္တ

မနေ့က ပြောတာ ပကတိအနတ္တ ၊ ပထဝီဓါတ်မျှပါတကားဟူ၍ မှတ်ကြောင်းဖြစ်သော ဘာဝနာသဘောကို(မှတ်ကြောင်းဖြစ်သော ဘာဝနာသဘောကို) ပကတိအနတ္တ(ပကတိအနတ္တ)၊ ဟော ပကတိအနတ္တဆိုတော့ အပေါင်းလက္ခဏာ သုံးဆိုရင် ညီမျှခြင်းကလည်း သုံးပဲဖြစ်သတဲ့။ မဖြစ်ဘူးလား နင်တို့ စာမသင်ဘူးလား အပေါင်းလက္ခဏာ ညီမျှခြင်း (သုံး) သုံးပဲရတယ်။ လက္ခဏာပြပြီး သုံးပဲထားရင် နောက်တစ်ခုမတိုးရင် သုံးဘဲဖြစ်တာမို့လား။ အနုတ်လက္ခဏာသုံး ညီမျှခြင်း (သုံး)။ သုံးဘဲအနုတ်လည်း မပြဘူး အပေါင်းလည်းမရှိဘူး။ ထပ်မတိုးဘူးဆိုရင် သူက ဒီလို 'သုံး' ၊ သုံး ပဲဖြစ်တယ် မဟုတ်လား . . . (ဟုတ်ပါတယ်ဘုရား)

အဲဒီအတိုင်းပဲ ရွှေဟာ တစ်ခါတည်း ဟို . . လက်ကောက်လုပ်လို့လည်းမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ လက်စွပ်လုပ်လို့ရော မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ ဆွဲကြိုးလုပ်လို့ရော (ဖြစ်ပါတယ်ဘုရား)။ ဘာပြုလို့ ဖြစ်သတုံး. . ရွှေရှိလို့။ ရွှေမရှိရင် ဖြစ်သေးလား (မဖြစ်ပါဘူး ဘုရား)။ ရွှေဟာ ပကတိခေါ်တယ်။ လက်ကောက်တို့ လက်စွပ်တို့ဟာ ဘာတုံး ဝိကတိခေါ်တယ်။

တို့ရုပ်တွက်တော့လည်း ဒီလိုပဲ ဒ့ါကြောင့် ပဂတိအနတ္တ (ပဂတိအနတ္တ) ၊ ပြီးတော့ရော (ပထဝီဓါတ်မျှပါတ ကားဟု မှတ်ကြောင်းဖြစ်သော ဘာဝနာတရားကို)၊ ဘာဝေယုံ (ဘာဝေယုံ) ပွားများကြကုန်ရာ၏။ အဲလိုဆိုရတယ်နော်။

မဂ္ဂရှိရင် ဝိရာဂ

ကြည့်ပြီး ဟိုဟာ အောက်မေ့ ဒီဟာ အောက်မေ့ မအောက်မေ့နဲ့။ အဗျာကတနဲ့ အောက်မေ့လို့ရှိရင် သခ်ါရဖြစ်သွားတယ်။ ကိုယ့်စိတ်ကိုယ်သိရတယ်။ အဲဒါတွေဖြစ်ပျက်နေတာကို ဒုက္ခသစ္စာလို့ခေါ်တယ်။ သူငါရှိတော့ သမုဒယသစ္စာပေါ့။ သူငါရှိရင် ဘာသစ္စာတုံး (သမုဒယ သစ္စာပါဘုရား) ။ ဘာခက်တုံး သစ္စာလေးပါးဟာ သူငါမရှိရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား) အေး အဲ့လိုဖြစ်သွားတာပဲ။

ရိပ်မိပြီလား ဒီသုံးခုပြောတာနဲ့။ "စိတ္တ ပဋ္ဌိသံဝေဒီ" စိတ်ကိုသိလျှက် စိတ္တသခ်ါရ ပဋ္ဌိသံဝေဒီ စိတ်ကိုပြုပြင်တတ်သော။ သညာဝေဒနာကို သိလျှက်။ အဲဒီနှစ်ခုသိရတယ်။ အဲဒီနှစ်ခုသိတာနဲ့ တော်တော်ဟန်သွားတယ်။ အဲ့လို သိရတယ်။ အဲဒါသစ္စာပဲ၊ သစ္စာလေးပါးပဲ။ ဒါဘယ်သူ့မှာ ဖြစ်တုံး ကိုယ့်မှာဖြစ်တယ်။ ဖြစ်ရင်ပျက်တာပဲ ဖြစ် ပျက်၊ ဒုက္ခသစ္စာပဲ။ ကဲ စိတ်ဆိုးတွေ စိတ်ကောင်းတွေ မဖြစ်ဘူးတဲ့။ မဖြစ်တာ ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။ ဘာဖြစ်လို့မဖြစ်တုံး . . . သမ္မာဒိဋ္ဌိ ကြောင့်၊ မဂ္ဂင်တရားကြောင့်မဟုတ်ဘူးလား။ အဲဒီမဂ္ဂင်တရားကို ဝိရာဂတရားခေါ်တယ်။ မဂ္ဂင်ရှိရင်

ဝိရာဂ ဆိုစမ်း (မဂ္ဂင်ရှိရင် ဝိရာဂ) မဂ္ဂင်မဟုတ်ဘဲနဲ့ဆိုတော့ မဂ္ဂင်မပါလို့ရှိရင် ရာဂဖြစ်တယ်။ လူကြီးဖြစ်နေတော့ ရာဂတို့ ဒေါသတို့ ဆိုတာ အဲ့လိုဖြစ်တယ်။ အခုဆို ဖြစ်ဦးမလား (မဖြစ်တော့ပါဘူး ဘုရား) အဲလိုမှတ်ထား။

စိတ်ကိုသိလျှက် ရှုခြင်း
စိတ်ကိုပြုပြင်တတ်သော သညာဝေဒနာကို သိလျှက်ရှုခြင်း

လေရှုတာနှစ်မျိုးသိရပါသည် ဆိုစမ်း (လေရှုတာနှစ်မျိုးသိရပါသည်)။ နှစ်မျိုးဟူသော်ကား စိတ်ကိုသိလျှက်ရှုခြင်း၊ စိတ်ကိုပြုပြင်တတ်သော သညာဝေဒနာကိုသိလျှက်ရှုခြင်း ၊ အဲလိုဆိုတာနဲ့ပဲ ဟန်သွားတာပဲ။ ဒါ့ကြောင့် နွားနို့တစ်ညှစ်စာပဲ။ ငြိမ်နေတာ ငါလိုပမထင်နဲ့ ငြိမ်နေတာဘာတုံး. . . (ဝိပါက်အဗျာကတရုပ်ပါဘုရား) ဝိပါက်အဗျာကတဆိုတာ ဇာတိ ဇရာ မရဏခေါ်တယ်၊ ဇာတိ ဇရာ မရဏကို အနာဂတ်လို့ခေါ်တယ်။ "အဝိဇ္ဇာ သခ်ါရာ အတီတော အဒ္ဓါ" ပါဠိလို ပြောနေလို့ ဒကာမကြီးတို့ မသိတာပါ။

စိတ်ကောင်း စိတ်ဆိုးတွေ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)။ ဖြစ်နေရင်ဘာတုံး "ဇာတိ"။ အခုဝိပါက်တွေ ဖြစ်နေတာဘာတုံး "ဇာတိ"။ အခုဝိပါက်တွေ ဖြစ်နေတာဘာတုံး "ဇာတိ"ပဲ။ ငြိမ်ငြိမ်ကလေးတွေ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်)။ အဲ့ဒါ ဘာဖြစ်တာတုံး (ဇာတိဖြစ်တာပါဘုရား)။ ဝိပါက်တွေ ဖြစ်နေတယ် ဟုတ်ကဲ့လား၊ ဝိပါက်ဆိုတာ ဘာတုံး (စိတ်)။ စိတ်ကလည်းဝိပါက်၊ ရုပ်ကလည်းမျက်စိကလေးတွေ နားလေးတွေ နှာခေါင်းတွေက ဝိပါက်ပဲ။ ဝိပါက်အဗျာကတရုပ် ဆိုလိုက်စမ်း (ဝိပါက်အဗျာကတရုပ်)၊ ရုပ်ကတစ်မျိုးနော်။

ထွက်တယ် ဝင်တယ်ဆိုတာ ရုပ်၊ ထွက်တာ ဝင်တာ လှုပ်တာ ပထဝီ တေဇောတွေပေါ့၊ ပါးကြီးတွေ နှာခေါင်းတွေလို့မခေါ်နဲ့၊ အဲ့ဒါတွေက သညာ။ ပါးကြီးတွေလှတော့မကောင်းဘူလား ကောင်းသလား (ကောင်းပါတယ်ဘုရား)။ အဲဒါ့ဘာတုံး (သညာဝေဒနာ) ။ မျက်စိနားသာ ပါလေပါ (မျက်စိနားသာ ပါလေပါ)၊ ပြီးတော့ကော (သူဟာလူမဟုတ်ပြီ)။ လူမဟုတ်တော့ ကောင်းတာဆိုးတာ ရှိသေးလား (မရှိတော့ပါဘူး) ၊ အဲ့ဒါပထမတန်းတရားကို ပြောနေတာ အရင်ကပြောထားတာ။ ညီမ ဖြစ်သေးလား (မဖြစ်တော့ပါဘူး)၊ အစ်မကြီးရော ဖြစ်သေးလား (မဖြစ်တော့ပါဘူး)၊ မောင်နှမမွေး ချင်းတွေရောဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)။

ဝိဇ္ဇာစရဏ သမ္ပန္နော

မျက်စိနားသာ ပါလေပါ (မျက်စိနားသာ ပါလေပါ)၊ ပြီးတော့ကော (သူဟာလူမဟုတ်ပြီ)

တပည့်တော်မ လူမဟုတ်အောင် တော်တော်လုပ်ယူရမယ် ဘုရားတဲ့။ လူမဟုတ်အောင် သိတာက ဝိဇ္ဇာခေါ်တယ်၊ အခုနတုံးက ပြောတဲ့ဟာက အကျင့်ခေါ်တယ်။ "ဝိဇ္ဇာစရဏသမ္ပန္နော" မြတ်စွာ ဘုရားက ပြည့်စုံသွားပြီ။ ဒကာမကြီးတို့ မပြည့်စုံသေးလို့ အဲလိုဖြစ်နေတာ။ ပြည့်စုံသွားလို့ရှိရင် ဒကာမကြီးတို့လည်း ရာဂဒေါသ ဖြစ်ပါဆိုလို့တောင် မဖြစ်တော့ဘူး၊ ခါးထိုးလို့တောင်မှ စိတ်မဆိုးတော့ဘူး။ ခါးထိုးရင် စိတ်ဆိုးဦးမှာလား. . . (မဆိုးတော့ပါဘူးဘုရား)။ နောက်ကျောကြီး ထိုးရင်ကော (မဆိုးတော့ပါဘူးဘုရား)ထိပ်ကြီးပုတ်လိုက်ရင်ကော (မဆိုးတော့ပါဘူးဘုရား)၊ အဲ့လို ရှင်သာရိပုတ္တရာ နောက်ကျောကြီးပုတ်လိုက်တာ စိတ်ဆိုးသေးလား (မဆိုးတော့ပါဘူးဘုရား)။ အဲ့ဒါ ဘာပြုလို့ မဆိုးတုံး (သူငါမရှိလို့) သူငါဆိုတာ ဘယ်သူ့ခေါ်တာတုံး လူမှတ်ပြီးတော့ခေါ်တာ။

လူမှတ်တယ်ဆိုတာ ဘယ်သူတုံး (သညာ)၊ ဘာသညာတုံး (ဒိဋ္ဌိသညာပါဘုရား)၊ ပထမတန်း သိရမယ်။ သိတာဘာခေါ်တုံး "ဝိဇ္ဇာ"၊ သိအောင်လုပ်တာဘာခေါ်တုံး "အကျင့်" "စရဏ"။ တရားနာနေတာကို စရဏခေါ်တယ်။ သိအောင်လုပ်တာ၊ အိမ်မှာ အိပ်နေတော့ သိသေးလား (မသိပါဘူးဘုရား)၊ သိအောင်မလုပ်ရင် ဘာတုံး (ဝိဇ္ဇာစရဏမရှိဘူး)၊ သိအောင်လုပ်ရင်ဘာတုံး (ဝိဇ္ဇာစရဏ)

ဝိဇ္ဇာ စရဏ သမ္ပန္နော သော သေဋ္ဌော ဒေဝ မနုဿေ။ ဒေဝမနုဿေ နတ်လူ၌။ ဝိဇ္ဇာစရဏ သမ္ပန္နော အကျင့်အသိနဲ့ ပြည့်စုံသော ပုဂ္ဂိုလ်သည်။ သေဋ္ဌော မြတ်၏တဲ့။ အကျင့်အသိနဲ့ ပြည့်စုံတဲ့သူ မြတ်တယ်။ အကျင့် အသိမရှိရင် ဘယ်နဲ့လုပ်နေတုံး အယုတ်တွေဖြစ်သွားတယ်။ ဟီနာ ဓမ္မာ ဖြစ်သွားတယ်၊ ရိပ်မိပြီလား။

လူဟုမယူ နာမ်ရုပ်ယူ

စိတ်ကိုသိလျှက် ရှုအံ့ အရှုနှစ်မျိုးရှိပါသည် ။ နှစ်မျိုးဟူသော်ကား စိတ်ကိုသိလျှက်ရှုခြင်း၊ စိတ်ကိုပြုပြင်တတ်သော သညာဝေဒနာကို သိလျှက်ရှုခြင်း၊စိတ်ကို ပြုပြင်တတ်သော သညာ ဝေဒနာကို သိလျှက်ရှုခြင်း၊ လေရှုတာနဲ့ကို ပထမတန်းဖြစ်သွားတယ်။ လေရှုတာ သိရှုတာကိုး၊ အိပ်နေတုံးရှုတော့ သိသေးလား (မသိပါဘူးဘုရား) ။ ဒီလို ပကတိအတိုင်းနေလို့ရှုတော့ သိသေး လား (မသိပါဘူးဘုရား)။ လေရှုတာကိုက သိပြီးရှုရတာ။ မသိဘဲနဲ့ရှုရင် ဘာဖြစ်တုံး (အဝိဇ္ဇာ)၊ အဝိဇ္ဇာမောဟဖြစ်တာပေါ့။ သူငါ ဖြစ်တာမဟုတ်ဘူးလား (ဟုတ်ပါတယ်)။

မျက်စိတွေ နှာခေါင်းတွေ မြင်ရင် ဘာတုံး (ဝိပါက်) ဝိပါက်အဗျာကတရုပ်တွေ စိတ်ကလည်း ဝိပါက်အဗျာကတ စိတ်မရှိဘူးလား (ရှိပါတယ်ဘုရား)။ သူလည်း ဇာတိ ဇရာ မရဏပဲ။ ရှုတာ သိတာက တစ်စိတ် ထွက်တာ သိတာက တစ်စိတ်။ ရှုတာနဲ့ စိတ်ပဲ ရှုတာကဘာတုံး "ရုပ်"။

သိတာကဘာတုံး (နာမ်ပါဘုရား)။ 'ရုပ်နာမ်'။

လူဟုမယူ နာမ်ရုပ်ယူ (လူဟုမယူ နာမ်ရုပ်ယူ)ဆိုလိုက်စမ်း၊ (ထိုသူဥပါဒါန်ကင်းသတည်း ဥပါဒါန်ကင်း ကံတွေကင်း ဇာတိစသည်ပါ ကင်းသတည်း)။ မှန်ထဲမျှား သွားကြည့်လိုက်လို့ရှိရင် နှာခေါင်းကြီး မျက်ခွက်ကြီးမြင် ပြီးတော့ ငါကြီး သွားမလုပ်လိုက်နဲ့။ မှန်ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်တယ်တဲ့။ မှန်ရှေ့ ဘယ်လိုထိုင်တုံး (ကျုံ့ကျုံ့လေးထိုင်ပါတယ်)။ မှန်ရှေ့မှာ ရိုသေလိုက်တာ ဒီပြင်ဘုရားတွေကျ မရိုသေဘူး။ ကျုံ့ကျုံ့ လေးထိုင်ပြီး နားတွေ မျက်စိတွေမြင်ရင် ဘယ်သူလို့ထင်သတုံး (လူလို့ထင်ပါတယ်)။ လူလို့မထင်နဲ့၊ ဟုတ်ကဲ့လား။

မျက်စိနားသာမြင်လေပါ (မျက်စိနားသာမြင်လေပါ) ပြီးတော့ကော (သူဟာလူမဟုတ်ပြီ)။ အဲဒါလေးဆိုဆိုကြည့်။ မိန်းမတွေ ယောက်ျားတွေ မြင်ရင်လည်း အဲဒါ မျက်စိ နားတွေမြင်လို့ရှိရင် လူမဟုတ်ဘူးလို့ ကြည့်ရင် ရာဂဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ ရာဂမဖြစ်ရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။ အစတုံးကတည်းက သစ္စာသွင်းပေးထားတာ၊ အဲ့ဒါတွေကို ဂရုစိုက်လို့။ အခုဟောတဲ့တရားက ရှေးတုန်းကဟောတာနဲ့ တစ်ထပ်တည်း အတူတူကျကျသွားတာပဲ။ အဲ့လိုမှ မှန်တယ်။

ဝိဇ္ဇာက ပညာရှိဖြစ်သွားတယ်

စိတ်ကအရင်က ဆိုးသလား (မဆိုးပါဘူးဘုရား)။ အဲဒါ ပကတိအနတ္တလို့ခေါ်တယ်။ ရွှေ့ မလုပ်သေးဘူး ရွှေ့လေးပဲရှိသေးတယ်။ လက်ကောက်တို့ လက်ကြပ်တို့မလုပ်သေးဘူး။ လုပ်လိုက်တာ ဘာခေါ်တုံးဆို သခ်ါရခေါ်တယ်။ မလုပ်ပဲ ထားတာက အသခ်ါရ၊ လုပ်လိုက်တာက (သခ်ါရပါ ဘုရား)။ အသခ်ါရနဲ့ အသခ်ံတလိုပဲ မပြုပြင်ဘဲထားတာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ မပြုပြင်ရင် ဘာဓါတ်တုံး (အသခ်ံတဓါတ်ပါဘုရား)။ မပြုပြင်ရင် ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)။ မဖြစ်ရင် ဘာဓါတ်တုံး (အသခ်ံတဓါတ်ပါဘုရား)။

ဖြစ်ရင်ဘာဓါတ်တုံး (သခ်ံတဓါတ်ပါဘုရား)။စိတ်ဆိုးတာဟာ မဖြစ်တာလား ဖြစ်တာလား (ဖြစ်တာပါဘုရား) စိတ်မဆိုးတာက (မဖြစ်တာပါဘုရား)။ မဆိုးတာဟာ မဖြစ်တာပဲ ဆိုးတာဟာ ဖြစ်တာပဲ။ ဖြစ်တာဟာ မပျက်ဘူးလား (ပျက်ပါတယ်ဘုရား)။ ပျက်ရင် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)။ အဲ့ဒါမေးမေးပြီး ကိုယ့်ဟာကိုယ်လုပ်လိုက်ရင် စိတ်ဆိုးပါဟဲ့ဆိုတာတောင် မဆိုးဘူး။ ဘာပြုလို့ ဝိဇ္ဇာက ပညာရှိဖြစ်သွားတယ်။ ရှင်သာရီပုတ္တရာပညာမရှိဘူးလား ရှိသလား (ရှိပါတယ် ဘုရား)

ခန္ဓာဟာ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံကြောင့်ဖြစ်တယ်

"အနုပ္ပါဒေါသုခံ" ဆိုစမ်း (အနုပ္ပါဒေါသုခံ)၊ သုခဆိုတာကာ နိဗ္ဗန္တ ခေါ်တယ်။ "ဥပ္ပါဒေါဒုက္ခံ" (ဥပ္ပါဒေါဒုက္ခံ)၊ ဥပ္ပါဒေါ - ဒေါသဖြစ်ရခြင်းသည်။ ဒုက္ခံ - ဒုက္ခမည်၏။ ဒုက္ခဘာပြုလို့ဖြစ်တုံး . . . စိတ်ကို ပြုပြင်တတ်သော သညာ ဝေဒနာရှိလို့ဟုတ်ကဲ့လား. . . သညာဝေဒနာ ဘာခန္ဓာတုံး (သညာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ)၊ ခန္ဓာဟာ ဘာကြောင့်ဖြစ်တုံး. . . အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံကြောင့်ဖြစ်တယ်။ အဝိဇ္ဇာဆိုတာ ဘယ်ဟာတုံး. . . သူ ငါ။ သူငါရှိလို့ အဝိဇ္ဇာဖြစ်တယ်။ သူငါမရှိရင် အဝိဇ္ဇာဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)။ ပထမတန်း အကြံဉာဏ်တွေ ထုတ်ရတယ်။ ဆရာကောင်းတပည့် ပန်းကောင်းပန် နောက်ဆံတဝင့်ဝင့်ပေါ့။

ဆရာကောင်းတပည့် လုပ်ပြီးတော့ စိတ်ကြီးက ဆိုးလိုက်တာ ပြုစုလိုက်တာဆို ဘယ်ကောင်းမတုံး၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ အေး စိတ်မဆိုးမှ။ စိတ်ဆိုးစိတ်ညစ် ကိုယ့်ကြောင့်ဖြစ် (စိတ်ဆိုးစိတ်ညစ် ကိုယ့်ကြောင့်ဖြစ်)၊ ကိုယ်ဆိုတာ သိရဲ့လား (သိပါတယ်ဘုရား) ဘယ်ဟာတုံး. . . "သူ ငါ" သူငါဆိုတာ ဘာတုံး. . . "အတ္တ" ပကတိကဘာတုံး ("အနတ္တ"ပါဘုရား)၊ ပကတိအနတ္တပဲ သူငါဝင်လိုက်မှ အတ္တဖြစ်သွားပြီ။ စိတ်ဆိုးတာ စိတ်ဆိုးတော့မယ် ဆိုးတော့မယ့် ဆိုစမ်း (စိတ်ဆိုးတော့မယ် ဆိုးတော့မယ်)။ ကြားတယ် ကြားတယ် (ကြားတယ် ကြားတယ်)။ ကြားတာက ဘာတုံး. . . "ဝိပါက်"၊ အသံကလည်း ဘာတုံး (ဝိပါက်ပါဘုရား)။ အသံထဲမှာလည်း သူငါ ပါနေတယ်။ ဟုတ်ကဲ့လား. . . ညည်းက ဘယ်လို၊ ငါကဘယ်လိုနဲ့ အသံထဲမှာ သူငါမပါဘူးလား (ပါပါတယ်ဘုရား)။

သူငါထည့်ပြောတဲ့အသံဆိုရင် ပုထုဇဉ်

အသံနဲ့ သူငါကို ဂရုစိုက်။ သူငါထည့်ပြောတဲ့အသံဆိုရင် ပုထုဇဉ်၊ မှတ်ထား. . . ။ ညည်းက ဘယ်လိုငါက ဘယ်လို ဘယ်သူနဲ့ ဘယ်လိုလိုက်သွားပြီနဲ့ သူတကာ့အကြောင်းတွေ လျှောက်ပြောတာပဲ မပြောဘူးလား ပြောသလား (ပြောပါတယ်ဘုရား)။ သူတကာနဲ့ လိုက်သွားပြီဟာ . . . ကဲ့ရဲ့လို့မဆုံးတမိုးချုန်းဖြစ်သွားတယ်။ အဲ့ဒါဘာပြုလို့. . . "သူငါရှိလို့" သူငါတွေသာ မရှိပါ (သူငါတွေသာမရှိပါ)။ သူသာ နိဗ္ဗာန်ရောက်သတည်း(သူဟာ နိဗ္ဗာန်ရောက်သတည်း)။

သူငါဆိုတာ ဘာတုံး. . . ဒုက္ခသစ္စာ။ သူငါမရှိတာဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။ အဲ့ဒီလိုခွဲခွဲလုပ်ရတယ် သစ္စာဆိုတာနေရာတိုင်းမှာ ရှိတယ်။ ကိုယ့်ဝမ်းထဲမှာပဲ မျက်စိတွေဘာတွေ မြင်တာ ဘာခန္ဓာတုံး. . . ဝိပါက်ခန္ဓာ။ ဝိပါက်ခန္ဓာကို သူငါသွားလုပ်လိုက်တော့ အတ္တဖြစ်သွားတယ်။

ရှိတာကဝိပါက်။ မျက်စိတွေ နားတွေကဘာတွေတုံး (ဝိပါက်ခန္ဓာပါဘုရား)။ ဝိပါကွန္ဓာကြီးက ဘကြီးတုံး. . . နဂိုက "ပကတိအနတ္တ"။ ဘာခါတ်ကြီးတုံး နှာခေါင်းကြီးတွေ မျက်စိကြီးတွေက မမာဘူးလား၊ နှာခေါင်းကြီးက ဘာခါတ်တုံး (ပထဝီခါတ်ပါဘုရား)။ အဲ့ဒါသူငါမလုပ်ဘူးလား လုပ်သလား (လုပ်ပါတယ် ဘုရား)။

ဆံပင်ကြီးတွေကို ဘေးချထားတယ်၊ မင်းသမီးကြီးတွေလို မင်းသမီးကြီးတွေက ဆံပင်ကြီးဘေးကချထားတော့ လူတွေလည်း ဘေးကချထားတယ်။ မချဘူးလား ချသလား (ချပါတယ်ဘုရား)။ အဲဒီဆံပင်ကို ဘာလို့ခေါ်သတုံး. . . (ပထဝီလို့ခေါ်ပါတယ်ဘုရား)။ ဗျာပါဆံတဲ့ တစ်ဆုပ် နှစ်ဆုပ် အင်း. . . ကြားဖူးရဲ့လား (ကြားဖူးပါတယ်ဘုရား)။ မမလေးရယ်တဲ့ တစ်သွယ်နှစ်သွယ်ဆိုပြီး မမလေးရယ် ရွှေခြေကျင်းနဲ့ သီချင်းတွေဘာတွေ မရှိဘူးလား. . .

အနိစ္စကောင် ဒုက္ခကောင် ဘာမှန်းလဲမသိ ညာမှန်းလဲမသိ၊ အဲ့ဒါကြောင့် အဝိဇ္ဇာဆိုတာ နီဝရဏနဲ့ ဖြစ်တယ်လို့ပြောတာ၊ ခက်မဆိုးလို့ စာလို လွယ်အောင်ပြောပြနေရတာ။ စာတွေ အခက်ကြီးတွေ သွားလုပ်တော့ မသိဘဲဖြစ်နေတယ်။ စာကိုလွယ်အောင် လုပ်ရတယ်။ လွယ်အောင်လုပ်ပြီး ပြောတော့မှ သိလွယ်တယ်။ တတ်လွယ်တယ်။ သိတာက ဘာခေါ်တုံးဆို "ဝိဇ္ဇာ"သိအောင်လုပ်တာက "စရဏ"ခေါ်တယ်။ အကျင့်ခေါ်တယ် တရားနာတယ်ဆိုတာ။

အဲ့လို သိထားတော့ ဟော. . . အိမ်ရောက်တော့ သူငါလုပ်ဦးမလား (မလုပ်တော့ပါဘူး ဘုရား)။ "သူငါတွေသာ ရှိလေပါ လောဘ ဒေါသ ဖြစ်မြဲတည်း" "သူငါတွောမရှိပါ လောဘ ဒေါသမဖြစ်တည်း"။ သူငါဆိုတာ ဒိဋ္ဌခေါ်တယ်။ သက္ကာယဒိဋ္ဌပေါ့၊ အသိကလည်း အဲ့လိုပဲ မြတ်စွာဘုရားရှေ့ တရားနာပြီးသွားတော့ ဝိသာခါ ဒကာမကြီးဆို အနာဂါမ်တောင်ဖြစ်သွားတယ်။ ဒကာမကြီးတို့ သူငါမပယ်နိုင်ဘူးလား ပယ်နိုင်သလား (ပယ်နိုင်ပါတယ်ဘုရား)၊ သူငါပယ်နိုင်သွားလို့ရှိရင် ဒေါသတွေလည်းပယ်နိုင်တယ်။ သူငါလို့သိနေတာက မောဟကြီးဖြစ်နေတယ်။ ဟုတ်ကဲ့လား။

မျက်စိ နားသာမြင်လေပါ (မျက်စိနားသာမြင်လေပါ)။ ပြီးတော့ကော (သူဟာလူမဟုတ်ပြီ)။ လူဟုတ်လို့ရှိရင် သူငါဖြစ်သွားတယ်။ လူမဟုတ်လို့ရှိရင် အနတ္တဖြစ်သွားတယ်။ သူငါမဟုတ်ဘူး၊ အဲ့ဒါက ပကတိအနတ္တ။ ပကတိက ရှိတာက မျက်စိတွေ နှာခေါင်းတွေသာ ရှိတယ်။ မျက်စိက ရှိပါသကော နာမ်ရုပ်က ရှိနေတာ၊ နာမရူပစ္စယာ - နာမ်ရုပ်ကြောင့်၊ သဠာယတန - မျက်စိနားတွေ ဖြစ်တယ်။ မျက်စိနားတွေ မြင်လို့ရှိရင် နာမ်ရုပ်လို့ မှတ်ရမယ်တဲ့။ သိတာက ဘာတုံး (နာမ်ပါဘုရား)။ မျက်စိတွေ နားတွေက ဘာတုံး (ရုပ်ပါဘုရား)။

နာမ်ရုပ်ရှိလို့ရှိရင် (နာမ်ရုပ်ရှိလို့ရှိရင်)၊ ဘာတွေရှိတုံး. . . (မျက်စိတွေနားတွေရှိတယ်)။

မျက်စိတွေ နားတွေမြင်လို့ရှိရင် (နာမ်ရုပ်လို့ မှတ်ရမယ်)။ အဲ့ဒါအရင်က ချထားတာတွေကို စင်စင်သွားအောင် လုပ်လုပ်ပေးတာ။ မျက်စိတွေ နားတွေမြင်ရင် ဘာလို့မှတ်ရမလဲ (နာမ်ရုပ်လို့ မှတ်ရမယ်)။ မျက်စိတွေ နားတွေဆိုတာ နာမ်ရုပ်ဆိုတော့ ဝိပါက်ရုပ်။

သူတို့မှာ မျက်စိတွေ နားတွေမှာ ကုသိုလ် အကုသိုလ်ရှိသလား (မရှိပါဘူးဘုရား)။ ကုသိုလ် အကုသိုလ်တွေဟာ ဘာ့ကြောင့် ဖြစ်သတုံး. . . (သညာ ဝေဒနာကြောင့်ပါ)။ မျက်စိ နားတွေရဲ့ သညာဝေဒနာက မဖြစ်ဘူး။ ကုသိုလ် အကုသိုလ် သညာဝေဒနာတွေဖြစ်သွားတယ်။ ငါ့ဟာ မကိုင်နဲ့ဆိုစမ်း (ငါ့ဟာ မကိုင်နဲ့)၊ ငါ့ဟာမလုပ်နဲ့ (ငါ့ဟာမလုပ်နဲ့)။ ငါဖြစ်သွားတယ်။ ဘာတွေကို ငါလုပ်သတုံး. . . မျက်စိနားက မြင်တာတွေကို ငါလုပ်တယ်။

ဒါကြောင့် မျက်စိနားမြင်လို့ရှိရင် ငါမဟုတ်ဘူးလို့ အဲ့လိုမှတ်ထား။ စက္ခုံအနတ္တတောလို့ မရှုရဘူးလား (ရှုရပါတယ်ဘုရား)၊ မျက်စိက အနတ္တ။ နားက အနတ္တ ဟုတ်ရဲ့လား. . . ။ မျက်စိကို အတ္တလို့ မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)။ မြင်တာကို ငါလို့မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)။

နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တာ၊ သဠာယတနကြောင့် ဖဿဖြစ်တာ၊ ဖဿကြောင့် ဝေဒနာဖြစ်တာ၊ ပဋ္ဌိစ္စသမုပ္ပါဒ်ပြောလို့ရှိရင် အဲ့လိုပြောရတယ်။ ဘာမှခက်တာမဟုတ်ဘူး။ လူနဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ လူနဲ့ ပဌာန်းနဲ့ အဲ့လို ကိုက်အောင် ပြောရတယ် ဟုတ်ကဲ့လား. . . ။ လူတွေဟာ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်သွားတယ်။ အဗျာကတော ဓမ္မောဆိုတော့ လူတွေဟာ ဘာဖြစ်သွားတုံး. . . ပဌာန်းဖြစ်သွားတယ်။

ကမ္မဿ ကာရကော နတ္ထိ

မျက်စိတွေဟာ ကုသိုလ်လား အကုသိုလ်လား . . . အဗျာကတခေါ်တယ်။ "အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော" အာရုံက မကင်းတာကို မြတ်စွာဘုရားက အကြောင်းအာရမ္မဏ ပစ္စယေနလို့ နှစ်ဆယ့်လေးပစ္စည်းကို အကြောင်းလို့ပြောထားတယ်။ စက္ခုဝိညာဏ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ ဖြစ်တဲ့ဟာကို အကျိုးလို့ခေါ်တာ။ အကျိုးကို ဘာခေါ်တုံး (ဝိပါက်အဗျာကတပါဘုရား)။

မြင်တော့ စိတ်ဆိုးမလာဘူးလား (ဆိုးလာပါတယ်)။ စိတ်ဆိုးလာတာ ဘာခေါ်တုံး (အကျိုးပါဘုရား)။ မြင်လို့ စိတ်ဆိုးရင် မြင်တာက ဘာတုံး (အကြောင်းပါဘုရား)။ စိတ်ဆိုးတာက ဘာတုံး (အကျိုးပါဘုရား)။ စိတ်ဆိုးလို့အော်လိုက်မယ် ငေါက်လိုက်မယ်ဆိုရင် စိတ်ဆိုးတာက ဘာတုံး (အကြောင်းပါဘုရား)။ အော်လိုက်ငေါက်လိုက်တာက ဘာတုံး (အကျိုးပါဘုရား)။ သတ်လိုက်တာ ဖြတ်လိုက်တာ ဘာတုံး (အကျိုးပါဘုရား)။ အကြောင်းအကျိုးခေါ်တယ်။

ဒါကြောင့် "ကမ္မဿ ကာရကောာ နတ္ထိ" သတ္တဝါမရှိဘူးလို့ပြောတာ အဲ့ဒါပြောတာ။ ပြုတတ်တဲ့သူ မရှိဘူးဆိုတာ အဲ့လိုဟာမျိုးခေါ်တယ်။ အဗျာကတတွေ ဘယ်နဲ့လုပ်သိမတုံး ဒီလို ငြိမ်ငြိမ်နေတာကို။ ကုသိုလ် အကုသိုလ် အဝိဇ္ဇာရှိမှ ပြုလာတာ။ ဒါ့ကြောင့် "စိတ်ကို သိလျှက် ရှုအုံ့" (စိတ်ကိုသိလျှက် ရှုအုံ့)၊ အဗျာကတစိတ်နဲ့ ငြိမ်နေတဲ့စိတ်ကိုသိပြီး ရှု။ အဲ့ဒီထဲမှာ အမှတ်ရလာပြီ အိမ်ကလေးအမှတ်ရလာပြီ ကိုယ်သိခဲ့တဲ့ မိတ်ဆွေ အမှတ်ရပြီဆိုရင် "သညာ"၊ "အမှတ်ရတာ သညာပါ။ ခံစားရတာ ဝေဒနာမှတ်" ခံစားတာ လူလား နတ်လား (မဟုတ်ပါဘူးဘုရား)။ ဒါပေမယ့် ငါခံစားတယ်ဆိုတော့ ငါလေးက စွဲနေတယ်။

"ခံစားတာမှာ ငါမပါ" ဆိုစမ်း (ခံစားတာမှာ ငါမပါ)၊ သူဟာ နိရောဓ ဖြစ်သတည်း (သူဟာ နိရောဓဖြစ်သတည်း)။ နိရောဓသစ္စာကို သွားဖြစ်တယ်။ ရိပ်မိပလား . . . သမုဒယ ပယ်လိုက်တာ၊ ငါဆိုတာ သမုဒယပဲ၊ သမုဒယကြောင့်ဖြစ်တယ်။ ဇာတိဒုက္ခဖြစ်ပါတယ်ဘုရား၊ ကဲ အခု သမုဒယဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ မဖြစ်တော့ဘာမဖြစ်တုံး. . . (ဇာတိ ဒုက္ခ မဖြစ်တော့ပါဘူး) အေး. . . ဇာတိ ဒုက္ခ မဖြစ်တော့ဘူး။

အဲ့လို လွှတ်ကောင်းတဲ့တရား၊ ကဲ. . . တော်ကြဦးစို့။

သာဓု . . . သာဓု. . . သာဓု ပါဘုရား။

သတ္တဝါမရှိသော အသိသည်သာလိုရင်းဖြစ်သည်
အမှားနှင့်အမှန်၊ ဘုရားဆိုဥာဏ်၊
အမှားကို အမှန်မလုပ်နှင့်
တရားဆိုနာမ်ရုပ်ကွဲ့၊ ဟန်မလုပ်နဲ့တော့
ကံပြုတ်အောင်ကြိုးစားကြ။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
အလှူတကာ့အလှူတွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

"အလှူရှင်ဆုတောင်း"
ဝဋ်ဒုက္ခကုန်ကြောင်းဥာဏ်ကို ပွားပေးရသော ကုသိုလ်ကြောင့်
ဝဋ်သုံးပါးကျွတ်ရာကို လွယ်ကူလျှင်မြန်စွာ မျက်မှောက်ပြုနိုင်ခြင်း၏ ပြီးပြည့်စုံသော
အထောက်အပံ့ဖြစ်ပါစေသတည်း။

မည်သူမဆို ကူးယူ၍ ဓမ္မဒါန ရိုက်နှိပ်ပူဇော်နိုင်ပါသည်။

ပင်လုံဝိဟာကျောင်း၊ တေဇိန္ဒာရာမကျောင်းတိုက်
ကုက္ကိုင်းလမ်းဆုံ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။